# 28th Sunday in Ordinary Time

## (၂၈)ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။

ပထမကျမ်း။

**"ဉာဏ်ပညာတော်နှင့်နှိုင်းစာသော်စည်းစိမ်ဥစ္စာများကို အချီးအနှီးဖြစ်သည်ဟုငါယူဆ၏။"**

*ဉာဏ်ပညာတော်ကျမ်း-၇ ၊ ၇ မှ ၁၁ အထိ။*

ကျွန်ုပ်သည်ဆုတောင်းသောအခါ သိနားလည်ခြင်းကိုရရှိ၏။ ကျွန်ုပ်သည်တောင်းလျှောက်သောအခါ ဉာဏ်ပညာတော်သည် ကျွန်ုပ်ထံသို့ရောက်လာ၏။ ကျွန်ုပ်သည် ဉာဏ်ပညာတော်ကိုဘုရင့်အာဏာစက်နှင့် ရာဇပလ္လင်များထက် ချစ်မြတ်နိုး၏။ ဉာဏ်ပညာတော်နှင့်နှိုင်းစားသော် စည်းစိမ်ဥစ္စာများကိုအချီးအနှီးဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။ အလွန်အဖိုးထိုက်တန်သော ကျောက်မျက်များကိုလည်း ထိုဉာဏ်ပညာတော်နှင့်နှိုင်းယှဉ်သော် သေးငယ်သောသဲလုံးမျှသာ ဖြစ်လိမ့်မည်။ သူ၏မျက်မှောက်၌ ငွေသည်ရွှံ့မျှသာ ခန့်မှန်းရလိမ့်မည်။ ကျွန်ုပ်သည်ထိုဉာဏ်ပညာတော်ကို ကျန်းမာခြင်းနှင့်အလှထက်ချစ်မြတ်နိုး၏။ အလင်းရောင်ထက် ထိုအရာကိုပို၍ အလိုရှိ၏။ အကြောင်းမူကား သူ၏အလင်းရောင်သည် မှေးမှိန်ခြင်းမရှိနိုင်။ ထိုဉာဏ်ပညာတော်နှင့် အတူ ကောင်းသောအရာအားလုံးတို့နှင့် မရေမတွက်နိုင်သော စည်းစိမ်တို့သည် သူ၏လက်ဖြင့်ရောက်ရှိလာကြ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းတော့ချင်း။**

ဆာလံ – ၉၀

သံပြိုင်။ ။ ထိုသခင်ကျွန်ုပ်တို့ကိုကိုယ်တော်၏ ကရုဏာတော်နှင့် ပြည့်ဝစေတော်မူပါ။ ကျွန်ုပ်တို့သည်လည်း ဝမ်းမြောက်ရွှင်လန်းကြပါလိမ့်မည်။

၁၂ ကျွန်ုပ်တို့သည် ပညာတော်ကို နှလုံးသွင်းမိစေခြင်းငှါ ကျွန်ုပ်တို့၏ နေ့ရက်များကို ရေတွက်နိုင်ရန် ကျွန်ုပ်တို့အား သင်ကြားပေးတော်မူပါ။ ထိုသခင်၊ ပြန်လာတော်မူပါ။ မည်မျှလောက်ကြာဦးမည်နည်း။ ကိုယ်တော်၏ကျွန်များကို ကြင်နာသနားတော်မူပါ။ ( သံပြိုင် )

၁၄ နံနက်အချိန်၌ ကျွန်ုပ်တို့ကိုကိုယ်တော်၏ကရုဏာတော်နှင့်ပြည့်ဝစေတော်မူပါ။ ကျွန်ုပ်တို့သည်လည်း တစ်သက်ပတ်လုံးရွှင်လန်းဝမ်းမြောက်ကြပါလိမ့်မည်။ ကျွန်ုပ်တို့ဒုက္ခဆင်းရဲခံထမ်းခဲ့ရသောနှစ်များနှင့် ကျွန်ုပ်တို့နှိမ့်ချခံရသောရက်များနှင့်အညီ ကျွန်ုပ်တို့အားဝမ်းမြောက်ပျော်ရွှင်စေတော်မူပါ။ ( သံပြိုင် )

၁၆ ကိုယ်တော်၏ဆောင်ရွက်ချက်များကို ကိုယ်တော်၏ကျွန်တို့အားလည်းကောင်း၊ ကိုယ်တော်၏ ဂုဏ်တော်ကိုသူတို့၏ သားသမီးတို့အားလည်းကောင်း ထင်ရှားစေတော်မူပါ။ ကျွန်ုပ်တို့အရှင် ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အပေါ်သို့ သက်ရောက်ပါစေသော်။ ကျွန်ုပ်တို့၏ လုပ်ငန်းများတို့ကို ကျွန်ုပ်တို့အဖို့ခိုင်မြဲစေတော်မူပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကို ခိုင်မြဲစေတော်မူပါ။ (သံပြိုင်)

**ဒုတိယကျမ်း။**

**"ဘုရားသခင်၏နှုတ်ကပါဌ်တော်သည် စိတ်အကြံအစည်မှ အလိုဆန္ဒကိုခွဲခြမ်းသိမြင်နိုင်သည်။"**

*ဟေဗြဲအမျိုးသားတို့ထံ ပေးသောစာ။ ( ၄၊ ၁၂ မှ ၁၃ )*

ဘုရားသခင်၏နှုတ်ကပါဌ်တော်သည် အသက်ဝင်လျက်ရှိ၍ အစွမ်းထက်လှသည်။ အသွားနှစ်ဘက်ရှိသော သံလျက်အားလုံးတို့ထက်ပင် ထက်မြက်လှပေ၏။ ဝိညာဉ်နှင့်အသက်သို့လည်းကောင်း၊ အရိုးအဆစ်များနှင့် ခြင်ဆီသို့လည်းကောင်း၊ သက်ရောက်ခွဲခြမ်းနိုင်စွမ်းရှိသည်။ စိတ်အကြံအစည်နှင့် အလိုဆန္ဒတို့ကိုလည်း ခွဲခြမ်း သိမြင်နိုင်သည်။ ကိုယ်တော်၏မျက်မှောက်တော်၌ မမြင်နိုင်သောအရာသတ္တဝါမည်သည်မရှိ။ ကျွန်ုပ်တို့ကို စစ်ကြောစီရင်တော်မူမည့်အရှင်၏ ရှေ့မျက်မှောက်တော်၌ အရာခပ်သိမ်းတို့သည် ပွင့်လင်းထင်ရှားလျက်ရှိကြသည်။

**ဤသည်ကား၊ဘုရား၊သခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**ဓမ္မဂေလီကျမ်း။**

## “သွားလော့၊ သင်၌ရှိသမျှကိုရောင်း၍ ငါ့နောက်သို့လိုက်လော့။”

*သံမာရ်ကူးရေးထားသောသန့်ရှင်းသောဓမ္မဂေလီကျမ်း။ ( ၁၀၊ ၁၇ မှ ၃၀ )*

ထိုကာလ၌ သခင်ယေရှုသည် လမ်းသို့ထွက်ကြွတော်မူသောအခါ လူတစ်ဦးသည်ပြေးလာ၍ ရှေ့တော်၌ ဒူးထောက်ပြီးလျှင် ကောင်းမြတ်သောဆရာတော်၊ ထာဝရအသက်ရှင်ခြင်းကို ရပါမည့်အကြောင်း အဘယ်သို့ကျင့်ရပါမည်နည်းဟု ကိုယ်တော်အားမေးလျှောက်လေ၏။ ယေရှုကလည်း သူ့အားမိန့်တော်မူသည်မှာ ကောင်းမြတ်သည်ဟုငါ့ကို အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်မှတစ်ပါး အဘယ်သူမျှကောင်းသည်မဟုတ်။ ပညတ်တော်များကို သင်သိ၏။ သူ့သားသူ့မယားကိုမပြစ်မှားနှင့်၊ သူ့အသက်ကိုမသတ်နှင့်၊ မခိုးနှင့်၊ မုသားသက်သေခံခြင်းကိုမပြုနှင့်၊ မလိမ်လည်နှင့်၊ သင်၏အဖနှင့်အမိကိုရိုသေလော့။ သူကလည်း ဆရာတော်ဘုရား၊ ဤအရာခပ်သိမ်းတို့ကို ငယ်သောအရွယ်ကပင် စောင့်ထိန်းခဲ့ပါပြီဟု ကိုယ်တော်အားပြန်၍လျှောက်လျှင်၊ ယေရှုသည်သူ့ကိုကြည့်သဖြင့် ချစ်သနားခြင်းရှိတော်မူ၍ သင်၌တစ်ခုလိုသေး၏။ သွားလော့၊ သင်၌ရှိသမျှကိုရောင်း၍ ဆင်းရဲသူတို့အား ပေးကမ်းသဖြင့် ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုရလိမ့်မည်၊ ထို့နောက်လာ၍ ငါ့နောက်သို့လိုက်လော့ဟု သူ့အားမိန့်တော် မူပြီးလျှင် သူသည်ဝမ်းနည်းခြင်းရှိ၍ စိတ်ညှိုးငယ်ခြင်းနှင့် ထွက်သွားလေ၏။ အကြောင်းမူကား များစွာသော ဥစ္စာ ရတတ်သောသူဖြစ်၏။ ယေရှုသည်လည်း ပတ်လည်ကြည့်တော်မူသဖြင့် တပည့်တော်တို့အား မိန့်တော်မူသည်ကား၊ ဥစ္စာကြွေးငွေရှိသောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ခဲလှ၏တကား။ တပည့်တော်တို့သည် ကိုယ်တော်၏စကားကြောင့် အံ့ဩတွေဝေခြင်းရှိကြလေ၏။ ယေရှုမူကား တစ်ဖန်သူသို့အားပြန်၍ မိန့်တော်မူ သည်ကား၊ ချစ်သားတို့ဥစ္စာကြွေးငွေ၌ ကိုးစားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ခဲလေစွ။ ဥစ္စာရတတ်သောသူသည် ကောင်းကင်ဘုံသို့ ဝင်ရခြင်းထက် ကုလားအုပ်သည် အပ်နဖားကိုလျှိုရခြင်းသည် သာ၍လွယ်၏။ သူတို့သည်သာ၍ အံ့ဩကြလျက်သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်ခြင်းသို့ ရောက်နိုင်မည်နည်းဟု အချင်းချင်းဆိုကြ၏။ ယေရှုမူကား သူတို့ကိုကြည့်တော်မူ၍၊ မိန့်တော်မူသည်မှာ ဤအရာသည် လူတို့အားနှင့် မဖြစ်နိုင်သော်လည်း ဘုရားသခင်အားနှင့် မတတ်နိုင်သည်မဟုတ်။ အကြောင်းမူကား ဘုရားသခင်နှင့် ခပ်သိမ်းသောအရာသည် ဖြစ်နိုင်၏။ ထိုအခါပေတရုက တပည့်တော်တို့မှာ ရှိသမျှကိုစွန့်၍ နောက်တော်သို့ လိုက်ကြပါပြီဟုစ၍ ကိုယ်တော်အားလျှောက်လျှင် ယေရှုကပြန်ပြော၍ မိန့်တော်မူသည်ကား၊ သင်တို့အား ငါအမှန်ဆိုသည်။ ငါ့အတွက်ကြောင့်လည်းကောင်း၊ ဓမ္မဂေလီတရားကြောင့် လည်းကောင်း၊ အိမ်၊ ညီအစ်ကိုများ၊ နှမများ၊ အဖ၊ အမိ၊ သားများ၊ လယ်များကိုစွန့်ခဲ့သောသူမည်သည်ကား ယခုဤဘဝ၌ပင်ညှဉ်းဆဲခြင်းနှင့် တကွ၊ အိမ်၊ ညီအစ်ကိုများ၊ နှမများ၊ အမေများ၊ သားများ၊ လယ်များကို အဆတစ်ရာနှောင်ဘဝ၌လည်း ထာဝရအသက်ရှင်ခြင်းကို မရမနေဘဲမနေရာ။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။***